အလွတ်သဘောဘာသာပြန်ဆိုချက်

**General Administration of Customs of the P.R.C**

ထုတ်ပြန်ကျေညာချက်

( ၂၀၂၂ ခုနှစ်၊ အမိန့်အမှတ် ၁၃၁ )

တရုတ်နိုင်ငံတော်ကောင်စီ COVID-19 ရောဂါပူးတွဲကာကွယ်ထိန်းချုပ်ရေးအဖွဲ့ အစည်း၏ အစီအစဉ်များနှင့် "တရုတ်ပြည်သူ့သမ္မတနိုင်ငံနယ်စပ်ဒေသကျန်းမာရေးဘေးအန္တရာယ်များကင်းရှင်းရေးနှင့်ကြီးကြပ်စစ်ဆေးရေးတရားဥပဒေ(FRONTIER HEALTH AND QUARANTINE LAW OF THE PEOPLE'S REPUBLIC OF CHINA)" အပါအဝင် တရားဥပဒေ သတ်မှတ်ချက်များအရ၊ " Novel Coronavirus Infection" ကို " ရောဂါအမျိုးအစားကို(ခ)အဖြစ်သတ်မှတ်ထားခြင်းနှင့် စီမံခန့်ခွဲရေးစံနစ်ကိုအမျိုးအစား(ခ)ဖြင့်ကျင့်သုံးဆောင်ရွက်ရန် " ဟူသော သတ်မှတ်ထားခြင်းနှင့် ကူးစက်တတ်သောရောဂါ ကြီးကြပ်စစ်ဆေးရေးစီမံခန့်ခွဲခြင်းအနက် ပါဝင်ခြင်းကို ဖျက်သိမ်းခြင်း ကိစ္စနှင့်ပတ်သက်၍ အောက်ပါအတိုင်း ထုတ်ပြန်ကျေညာကြပါသည်-

၁။(၀၈-၀၁-၂၀၂၃)ရက်နေ့မှ စတင်၍ တရုတ်နိုင်ငံသို့ ပြည်ဝင်လူပုဂ္ဂိုလ်များအားလုံးအတွက် NAT စစ်ဆေးခြင်းကို ဖျက်သိမ်းပါမည်။ ပြည်ဝင်လူပုဂ္ဂိုလ်များအားလုံးအနေနှင့် ပြည်ဝင်ခြင်းမပြုမီ ကြိုတင်၍ (၄၈)နာရီအတွင်းတွင် COVID-19 ရောဂါ NAT စစ်ဆေးခြင်းအဖြေကို အကောက်ခွန်ရုံးထံသို့ တင်ပြရပါသည်။ အကောက်ခွန်ရုံးအနေနှင့် ကျန်းမာရေးအခြေအနေနှင့် ဂိတ်ပေါက်တွင် ပုံမှန် ရောဂါကြီးကြပ်စစ်ဆေးရေးအခြေအနေ မှန်ကန်နေသော ပြည်ဝင်လူပုဂ္ဂိုလ်များကို ပြည်ဝင်ခွင့်ပြုပါမည်၊ ကျန်းမာရေးအခြေအနေ ပုံမှန်မဟုတ်သော၊ (သို့)အဖျားတက်ခြင်းအပါအဝင် ရောဂါလက္ခဏာများပေါ်ပေါက်လျက်ရှိသော ပြည်ဝင်လူပုဂ္ဂိုလ်များကို စစ်ဆေးခြင်းအခြေအနေအလိုက် သီးခြားစီစဉ်ထားပေးပါမည်။

၂။သက်ဆိုင်ရာ ပြည်နယ်/ ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ/ ဗဟိုမှတိုက်ရိုက်အုပ်ချုပ်သောမြို့များအနေနှင့် လမ်းညွှန်ချက်များအရ နယ်စပ်ဂိတ်များမှ ကုန်ပစ္စည်းများ/ ခရီးသည်များ သယ်ယူပို့ဆောင်ရေးများကို တည်ငြိမ်စွာနှင့် စံနစ်တကျ ပြန်လည်လုပ်ကိုင်ဆောင်ရွက်ရန် သီးခြားတွန်းအားဖြည့်ပေးရပါသည်။

၃။(၀၈-၀၁-၂၀၂၃)ရက်နေ့မှ စတင်၍ တင်သွင်းသော Cold-chain Food များနှင့် Non Cold Chain Items များ နယ်စပ်ဂိတ်များအဆင့်တွင် COVID-19 ရောဂါပိုင်းရပ်စ်များအတွက် ကျင့်သုံးဆောင်ရွက်လျက်ရှိသော NAT ကြီးကြပ်စစ်ဆေးရေးစံနစ်များကို ဖျက်သိမ်းကြပါမည်။

အထက်ဖော်ပြပါအကြောင်းများကို ထုတ်ပြန်ကျေညာကြပါသည်။

**General Administration of Customs of the P.R.C** ။

ရက်စွဲ၊ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်။

MOFA | MMRS v1.0.0 | Printed By : () ON 31/12/2022 09:46:10